Range Veterinary Company Limited မှ တင်ပြသည့် အဆိုပြုလွှာနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်း

စဉ်	ဆောင်ရွက်သည့်အကြောင်းအရာ	ဆောင်ရွက်သည့် ရက်စွဲ	အကြောင်းပြန်ကြားသည့် ရက်စွဲ/ ကုမ္ပဏီမှတင်ပြသည့် ရက်စွဲ	မှတ်ချက်
၁	အဆိုပြုချက်တင်ပြလာခြင်း		၃-၉-၂၀၁၉	
၂	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း	၃၄/၂၀၁၉ (၃၀-၉-၂၀၁၉)		
၃	လုပ်ငန်းလိုအပ်ချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သဘောထား တောင်းခံခြင်း - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန(One Stop Service)	 ၃-၁၀-၂၀၁၉ ၉-၉-၂၀၁၉	 ၁၆-၁၀-၂၀၁၉ ၁၃-၉-၂၀၁၉	
၄	အဆိုပြုချက်အပေါ်ပြင်ဆင်တင်ပြရမည့် အချက်များ အကြောင်းကြားခြင်း	၁၀-၁၀-၂၀၁၉	၂၃-၁၀-၂၀၁၉	PAT ဆုံးဖြတ်ချက် အကြောင်းကြားပါသည်။
၅	အဆိုပြုချက်အား ကော်မရှင် အစည်းအဝေးသို့ တင်ပြခြင်း	၁၈/၂၀၁၉ (၁၆-၁၁-၂၀၁၉)		
	စုစုပေါင်းကြာမြင့်ရက်	(၅၀) ရက်		

အကြောင်းအရာ။ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Range Veterinary Company Limited မှ တိရစ္ဆာန်များ၏ ကျန်းမာရေးအထောက်အကူပြု အားဆေးနှင့် ဆေးဝါးအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်	- Range Veterinary Company Limited
	ရင်းနှီးမြှုပ်နှံသူ	- Range Pharma Sdn. Bhd.
	အဖွဲ့အစည်းပုံသဏ္ဌာန်	- ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု Range Pharma Sdn. Bhd. (မလေးရှား) ၁၀၀%
	လုပ်ငန်းအမျိုးအစား	- တိရစ္ဆာန်များ၏ ကျန်းမာရေးအထောက်အကူပြု အားဆေးနှင့် ဆေးဝါးအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ်-၁၅၉၊ မြို့ဝန်ဦးအောင်သူလမ်း၊ လှိုင်သာယာစက်မှု ဇုန်-၂၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။	မြေပိုင်ရှင်	- ဒေါ်စန်းကြည်၊ ဒေါ်အေးအေးမေ
	မြေအကျယ်အဝန်း	- မြေဧရိယာ ၁.၁၁၇ ဧက (၄,၅၁၉.၁၄၇ စတုရန်းမီတာ)
	မြေငှားရမ်းခ	တစ်နှစ်လျှင် US$ ၆၀,၀၀၀
၄။	ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်သက်တမ်း	- ကနဦး ၅၀ နှစ်၊ ၁၀ နှစ် သက်တမ်းတိုး ၂ ကြိမ်
၅။	တည်ဆောက်ရေးကာလ	- ၂ နှစ်
၆။	စုစုပေါင်းမတည်ငွေရင်းပမာဏ	- အမေရိကန်ဒေါ်လာ ၀.၉၃၅ သန်း (US$/သန်း) ငွေသား ၀.၇၉၉ စက်ပစ္စည်းနှင့် စက်ကိရိယာများ ၀.၀၅၁ ရုံးသုံးပရိဘောဂ ၀.၀၂၅ မြေငှားရမ်းခ (ပထမနှစ်) ၀.၀၆၀ စုစုပေါင်း ၀.၉၃၅
၇။	ဝန်ထမ်းအင်အား (ပြည်တွင်း)	- ၄၆ ဦး - ၄၆ဦး (ပြည်တွင်းဝန်ထမ်း တစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ်၂၂၅,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၁,၁၂၅,၀၀၀ ဖြစ်ပါသည်။)
၈။	ရောင်းချမည့်စနစ်	- ၃၀% ပြည်ပတင်ပို့၊ ၇၀% ပြည်တွင်းရောင်း
	နှစ်စဉ်ထုတ်လုပ်မှု	- နောက်ဆက်တွဲ -က

၉။	အခြားတင်ပြချက်	- မြေပိုင်ရှင် ဒေါ်စန်းကြည်၊ ဒေါ်အေးအေးမေနှင့် Range Veterinary Company Limited တို့ ချုပ်ဆိုမည့် မြေငှားစာချုပ် (မူကြမ်း) ကို တင်ပြထားပါသည်။ - မြေပိုင်ရှင် ဒေါ်စန်းကြည်၊ ဒေါ်အေးအေးမေတို့၏ မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြထားပါသည်။ - Range Pharma Sdn. Bhd. နှင့် Range Veterinary Company Limited ၏ ကုမ္ပဏီမှတ်ပုံတင်(မိတ္တူ)များနှင့် ဒါရိုက်တာ အဖွဲ့ဝင်၏ မှတ်ပုံတင် နိုင်ငံကူးလက်မှတ် (မိတ္တူ) များကို တင်ပြထား ပါသည်။ - ဝန်ထမ်းသက်သာချောင်ချိရေးအစီအမံ၊ လျှပ်စစ်ရယူသုံးစွဲမည့် အစီအစဉ်၊ မီးဘေးကာကွယ် ရေးဆောင်ရွက်ချက်၊ လုပ်ငန်းခွင် လုံခြုံရေး၊ CSRနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အစီအစဉ်များကို ဆောင်ရွက်မည် ဖြစ်ကြောင်းတင်ပြထား ပါသည်။ - ငွေရေးကြေးရေးအထောက်အထားအဖြစ် Range Pharma Sdn. Bhd. အမည်ဖြင့် မလေးရှားနိုင်ငံရှိ Public Bank ဘဏ်တွင် ၃၁-၇-၂၀၁၉ ရက်စွဲဖြင့် မလေးရှား ရင်းဂစ် ၄၀၀,၀၀၀ ရှိကြောင်း တင်ပြထားပါသည်။ - မလေးရှားနိုင်ငံ Range Pharma Sdn. Bhd. ၏ လုပ်ငန်း အတွေ့အကြုံများနှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ် များကို တင်ပြထားပါသည်။ - မြေအသုံးပြုခွင့်လျှောက်လွှာပုံစံ(၇)ပူးတွဲတင်ပြထားပါသည်။
၁၀။	စိစစ်တင်ပြချက်	- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှအဆိုပြုလုပ်ငန်းအား EIA နှင့် EMP ရေးဆွဲရန် သဘောထားမှတ်ချက် ပြန်ကြားပြီး ဖြစ်ပါသည်။ - လုပ်ငန်းမှာ ရေဆိုးထွက်ရှိမှုမရှိကြောင်း တင်ပြထားပါသည်။ - ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်းစာရင်းများကို HS Code ဖြင့် အသေးစိတ် ယှဉ်တွဲဖော်ပြရန် လိုအပ်ပါသည်။ - အဆိုပြုလုပ်ငန်းသည် ISIC-2100 တွင် အကျုံးဝင်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်- ၁၃/၂၀၁၇ အရ ဦးစားပေးမြှင့်တင် မည့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍ စာရင်းတွင် ပါဝင်ပါသည်။ - အဆိုပြုလုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ မြို့နယ်တွင် ဆောင်ရွက်မည်ဖြစ်ပါ၍ ဖွံ့ဖြိုး တိုးတက်မှုဇုန် (၃) တွင် ပါဝင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

နောက်ဆက်တွဲ-က

ထုတ်လုပ်မှု (ပထမနှစ်)

စဉ်	အမျိုးအမည်	Unit	ပြည်ပတင်ပို့ (၃၀%)		ပြည်တွင်းရောင်း (၇၀%)	
			အရေအတွက်	ဈေးနှုန်း (US$/Unit)	အရေအတွက်	ဈေးနှုန်း (ကျပ်/Unit)
၁။	Amoxicillin Water Soluble Powder	Kg	၃,၀၀၀	၁၆.၀၀၀	၇,၀၀၀	၂၄,၀၀၀
၂။	Amoxicillin+ Colistin Water Soluble Powder	Kg	၁,၅၀၀	၁၆.၀၀၀	၃,၅၀၀	၂၄,၀၀၀
၃။	Colistin Water Soluble Powder	Kg	၁,၅၀၀	၁၆.၀၀၀	၃,၅၀၀	၂၄,၀၀၀
၄။	Quinocetone Premix	Kg	၆,၀၀၀	၅.၀၀၀	၁၄,၀၀၀	၇,၅၀၀
၅။	Nosiheptide Premix	Kg	၆,၀၀၀	၈.၀၀၀	၁၄,၀၀၀	၁၂,၀၀၀
၆။	Ractopamine Premix	Kg	၁,၂၀၀	၅.၀၀၀	၂,၈၀၀	၇,၅၀၀
၇။	Tilmicosin Oral Solution	Liter	၃,၀၀၀	၁၈.၀၀၀	၇,၀၀၀	၂၇,၀၀၀
၈။	Ciprofloxacin Oral Solution	Liter	၁,၅၀၀	၆.၅၀၀	၃,၅၀၀	၉,၇၅၀
၉။	Toltrazuril Oral Solution	Liter	၃,၀၀၀	၁၂.၀၀၀	၇,၀၀၀	၁၈,၀၀၀
၁၀။	Trimethoprim+ Sulphamethoxazole Oral Solution	Liter	၁,၅၀၀	၁၃.၀၀၀	၃,၅၀၀	၁၉,၅၀၀
၁၁။	Enrofloxacin Oral Solution	Liter	၃,၀၀၀	၁၀.၀၀၀	၇,၀၀၀	၁၅,၀၀၀
၁၂။	E+ Selenium Oral Solution	Liter	၆၀၀	၁၀.၀၀၀	၁,၄၀၀	၁၅,၀၀၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက-၂/ ခ-၀၅၄/ ၂၀၁၉ (၃၅၉)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၇၃ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Range Veterinary Company Limited မှ တိရစ္ဆာန်များ၏ ကျန်းမာရေးအထောက်အကူပြု အားဆေးနှင့် ဆေးဝါးအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ

၁။ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Range Veterinary Company Limited မှ အမှတ်-၁၅၉၊ မြို့ဝန်ဦးအောင်သူလမ်း၊ လှိုင်သာယာစက်မှု ဇုန်-၂၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ရှိ စုစုပေါင်းမြေဧရိယာ ၁.၁၁၇ ဧက (၄,၅၁၉.၁၄၇ စတုရန်းမီတာ) တွင် တိရစ္ဆာန်များ၏ ကျန်းမာရေး အထောက်အကူပြု အားဆေး နှင့် ဆေးဝါးအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ မြေအထောက်အထားအဖြစ် ဒေါ်စန်းကြည်၊ ဒေါ်အေးအေးမေတို့၏ အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော မြေပိုင်ဆိုင်မှုအထောက်အထားများကိုလည်းကောင်း၊ မြေပိုင်ရှင် ဒေါ်စန်းကြည်၊ ဒေါ်အေးအေးမေတို့နှင့် Range Veterinary Company Limited တို့ချုပ်ဆိုမည့် မြေနှင့်အဆောက်အအုံ ငှားရမ်းစာချုပ်(မူကြမ်း)၊ မြေအထောက်အထားများနှင့် Layout Plan တို့ကို တင်ပြထားပါသည်။

၃။ မြေငှားသက်တမ်းမှာ ကနဦး ၅၀ နှစ် ဖြစ်ပါသည်။ မြေငှားရမ်းခမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆၀,၀၀၀ ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ၅၀ နှစ် ဖြစ်ပြီး တည်ဆောက်ရေးကာလမှာ ၂ နှစ် ကြာမြင့် မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းမှာ အမေရိကန်ဒေါ်လာ ၀.၉၃၅ သန်း ဖြစ်ပြီး အောက်ပါအတိုင်း ထည့်ဝင်ထားပါသည်-

		ရင်းနှီးမြှုပ်နှံမှု (US$ သန်း)
(က)	ငွေသား	၀.၇၉၉
(ခ)	စက်ပစ္စည်းနှင့် စက်ကိရိယာများ	၀.၀၅၁
(ဂ)	ရုံးသုံးပရိဘောဂ	၀.၀၂၅
(ဃ)	မြေငှားရမ်းခ (ပထမနှစ်)	၀.၀၆၀
	စုစုပေါင်း	၀.၉၃၅

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းဝန်ထမ်း ၄၆ ဦး ခန့်ထားမည်ဖြစ်ပြီး ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၂၂၅,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၁,၁၂၅,၀၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှ ထွက်ရှိမည့် တိရစ္ဆာန်များ၏ ကျန်းမာရေး အထောက်အကူပြု အားဆေး နှင့် ဆေးဝါးအမျိုးမျိုးအား ပြည်ပသို့ ၃၀%တင်ပို့မည်ဖြစ်ပြီး ပြည်တွင်း၌ ၇၀% ရောင်းချ မည်ဖြစ်ပါသည်။ ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အမျိုးအမည်	Unit	ပြည်ပတင်ပို့ (၃၀%)		ပြည်တွင်းရောင်း (၇၀%)	
			အရေအတွက်	ဈေးနှုန်း (US$/Unit)	အရေအတွက်	ဈေးနှုန်း (ကျပ်/Unit)
(က)	Amoxicillin Water Soluble Powder	Kg	၃,၀၀၀	၁၆.၀၀၀	၇,၀၀၀	၂၄,၀၀၀
(ခ)	Amoxicillin+ Colistin Water Soluble Powder	Kg	၁,၅၀၀	၁၆.၀၀၀	၃,၅၀၀	၂၄,၀၀၀
(ဂ)	Colistin Water Soluble Powder	Kg	၁,၅၀၀	၁၆.၀၀၀	၃,၅၀၀	၂၄,၀၀၀
(ဃ)	Quinocetone Premix	Kg	၆,၀၀၀	၅.၀၀၀	၁၄,၀၀၀	၇,၅၀၀
(င)	Nosiheptide Premix	Kg	၆,၀၀၀	၈.၀၀၀	၁၄,၀၀၀	၁၂,၀၀၀
(စ)	Ractopamine Premix	Kg	၁,၂၀၀	၅.၀၀၀	၂,၈၀၀	၇,၅၀၀
(ဆ)	Tilmicosin Oral Solution	Liter	၃,၀၀၀	၁၈.၀၀၀	၇,၀၀၀	၂၇,၀၀၀
(ဇ)	Ciprofloxacin Oral Solution	Liter	၁,၅၀၀	၆.၅၀၀	၃,၅၀၀	၉,၇၅၀
(ဈ)	Toltrazuril Oral Solution	Liter	၃,၀၀၀	၁၂.၀၀၀	၇,၀၀၀	၁၈,၀၀၀
(ည)	Trimethoprim+ Sulphamethoxazole Oral Solution	Liter	၁,၅၀၀	၁၃.၀၀၀	၃,၅၀၀	၁၉,၅၀၀
(ဋ)	Enrofloxacin Oral Solution	Liter	၃,၀၀၀	၁၀.၀၀၀	၇,၀၀၀	၁၅,၀၀၀
(ဌ)	E+ Selenium Oral Solution	Liter	၆၀၀	၁၀.၀၀၀	၁,၄၀၀	၁၅,၀၀၀

၈။ အဆိုပြုလုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အောက်ပါအတိုင်း သဘောထား ပြန်ကြားထားပါသည်-

(က) **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ** အဆိုပြုလုပ်ငန်းသည် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့်ကန့်ကွက်ရန် မရှိပါကြောင်း သဘောထား ပြန်ကြား ထား ပါသည်။

နောက်ဆက်တွဲ (က)

(ခ) ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန မှ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Environmental Impact Assessment-EIA)ကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်(၄၉)၊ (၆၃) နှင့် အညီ ပြုစုဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ကို ရေးဆွဲတင်ပြရမည်ဖြစ်ကြောင်း ပြန်ကြားထားပါသည်။

နောက်ဆက်တွဲ (ခ)

၉။ ငွေရေးကြေးရေး အထောက်အထားအဖြစ်မြန်မာနိုင်ငံရှိ Range Pharma Sdn. Bhd. အမည်ဖြင့် မလေးရှားနိုင်ငံရှိ Public Bank ဘဏ်တွင် ၃၁-၇-၂၀၁၉ ရက်စွဲဖြင့် မလေးရှား ရင်းဂစ် ၄၀၀,၀၀၀ ရှိကြောင်း ဘဏ်အထောက်အထား တင်ပြထားပါသည်။

၁၀။ ဝန်ထမ်းသက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးကြိုတင် ကာကွယ်ရေး စီမံချက်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်၊ Waste Water Treatment Plant ၏ Diagram ၊ ဝင်ငွေခွန် ပေးဆောင်မည့် အစီအစဉ်နှင့် CSR Project တို့ကို တင်ပြထားပါသည်။

၁၁။ Range Pharma Sdn. Bhd. နှင့် Range Veterinary Company Limited ၏ ကုမ္ပဏီ မှတ်ပုံတင်(မိတ္တူ)များနှင့် Range Pharma Sdn. Bhd. ၏ လုပ်ငန်းအတွေ့အကြုံများနှင့် ဆောင်ရွက် လျက်ရှိသော လုပ်ငန်းစဉ် များကို များ တင်ပြထားပါသည်။

၁၂။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ၃၄/၂၀၁၉ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

စိစစ်တင်ပြချက်

၁၃။ အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းသည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပါဝင်ပြီး ISIC Code- 2100 တွင် အကျုံးဝင်ပါသည်။

(ခ) အဆိုပြု လုပ်ငန်းဆောင်ရွက်မည့် နေရာသည် ဇုန်(၃) တွင် ပါဝင်ပါသည်။

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ မူဝါဒနှင့် ဥပဒေရေးရာဌာနခွဲမှ ကော်မရှင် ခွင့်ပြုမိန့်နှင့် ဆုံးဖြတ်ချက်(မူကြမ်း)အား ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း စိစစ်ပြီးဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၄။ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Range Veterinary Company Limited မှ တိရစ္ဆာန်များ၏ ကျန်းမာရေးအထောက်အကူပြု အားဆေးနှင့် ဆေးဝါးအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းကိစ္စအပေါ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့် ထုတ်ပေးရန် သဘောတူ-မတူ။

ဉက္ကဋ္ဌ (ကိုယ်စား)
(သန့်စင်လွင်၊ အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ